# ကလေးများအတွက် တုပ်ကွေးရောဂါ (တုပ်ကွေး) ကာကွယ်ဆေး

**သင့်ကလေးကို တုပ်ကွေးကာကွယ်ပေးခြင်းနှင့်ပတ်သက်၍ သင်၏ ဆရာဝန် သို့မဟုတ် သူနာပြုနှင့် စကားပြောဆိုပြီးပြီလား။**

## တုပ်ကွေးရောဂါ (တုပ်ကွေး) ဆိုသည်မှာ အဘယ်နည်း။

တုပ်ကွေးဗိုင်းရပ်စ်ကြောင့် "တုပ်ကွေး" ဟု အခေါ်များသည့် တုပ်ကွေးရောဂါ ဖြစ်ပွားသည်။ ၎င်းသည် နှာခေါင်း၊ လည်ချောင်းနှင့် အဆုတ်များအပေါ် သက်ရောက်တတ်သော နာဖျားမှုကို ဖြစ်စေပြီး မိသားစုများနှင့် လူ့အသိုင်းအဝိုင်းအတွင်းသို့ အလွယ်တကူ ပြန့်နှံ့နိုင်သည်။

## တုပ်ကွေး၏ လက္ခဏာများသည် မည်သည်တို့ဖြစ်သနည်း။

- ဖျားနာခြင်းနှင့် ဂနာမငြိမ်ဖြစ်ခြင်း
- ချောင်းဆိုးခြင်း သို့မဟုတ် အသက်ရှူသံဆူညံခြင်း
- ခေါင်းကိုက်ခြင်း၊ ကြွက်သားနာကျင်ခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်း
- လည်ချောင်းနာခြင်းနှင့် နှာရည်ယိုခြင်း
- အစာစားလိုစိတ် မရှိခြင်း သို့မဟုတ် အစာကျွေးရခက်ခဲခြင်း
- မအီမသာဖြစ်ခြင်း၊ အန်ခြင်း သို့မဟုတ် ဝမ်းလျှောခြင်း

## တုပ်ကွေးသည် ကလေးများအတွက် မည်မျှ ပြင်းထန်သနည်း။

တုပ်ကွေးဖြစ်သော ကလေး 3 ဦးအနက် တစ်ဦးသည် ဆေးရုံတက်ရပြီး ယခင်က ကျန်းမာခဲ့သော ကလေးများသည်ပင် တုပ်ကွေးနှင့်ဆက်စပ်၍ ဆေးရုံတက်ရခြင်းများနှင့် သေဆုံးမှုများ ဖြစ်နိုင်သည်။

## တုပ်ကွေးကာကွယ်ရန် အကောင်းဆုံးနည်းလမ်းမှာ အဘယ်နည်း။

တုပ်ကွေးကာကွယ်ရန် အကောင်းဆုံးနည်းလမ်းမှာ တုပ်ကွေးရာသီတစ်ခု စတင်တိုင်းတွင် တုပ်ကွေးရောဂါကာကွယ်ဆေး ထိုးနှံထားရန် ဖြစ်သည်။

ကာကွယ်ဆေးသည် 6-12 လ ကြာသည့်အထိ သင့်ကလေးကို ကိုယ်ခံအား ပေးမည်ဖြစ်သည်၊ ထို့ကြောင့် တုပ်ကွေးကာကွယ်ဆေးကို နှစ်စဉ် ထိုးနှံထားရန်မှာ အရေးကြီးသည်။

WA တွင် ပြီးပြည့်စုံသော ကာကွယ်ဆေးဘေးကင်းရေးစနစ်တစ်ခု ရှိပြီး အချိန်နှင့်တစ်ပြေးညီဖြစ်သော တုပ်ကွေးကာကွယ်ဆေး ဘေးကင်းမှုဒေတာကို www.ausvaxsafety.org.au တွင် အပတ်စဉ် ရရှိနိုင်သည်။

## အခြားကာကွယ်ဆေးများနှင့် တုပ်ကွေးရောဂါကာကွယ်ဆေးတို့သည် မည်သို့ ရှိမည်နည်း။

တုပ်ကွေးရောဂါကာကွယ်ဆေးကို ကိုဗစ်-19 နှင့် Nirsevimab အပါအဝင် အနောက်သြစတြေးလျ ကာကွယ်ဆေးထိုးနှံရေး အချိန်ဇယားအရ အခြားကာကွယ်ဆေးထိုးနှံခြင်းများနှင့်အတူ ပူးတွဲ၍ စီမံထိုးနှံပေးနိုင်သည်။

## တုပ်ကွေးကာကွယ်ဆေးသည် အောက်ပါကလေးများအပါအဝင် ရောဂါခံစားရနိုင်မအရှိဆုံးသော ကလေးများအတွက် အခမဲ့ဖြစ်သည်-

- အသက် 6 လအရွယ်မှ မူလတန်း Year 6 အရွယ်အထိ ကလေးများအားလုံး။
- အသက် 6 လနှင့်အထက် ဩစတြေးလ ဌာနေတိုင်းရင်းသားများနှင့် တောရက်စ်ရေလက်ကြား ကျွန်းသား/သူများ။
- အသက် 6 လပြည့်ပြီးသော ရေရှည် အက်စပရင်ကုထုံး ခံယူနေသည့် ကလေးများအားလုံး။
- အောက်ပါရောဂါများအပါအဝင် နာတာရှည် ကျန်းမာရေးအခြေအနေရှိသည့် အသက် 6 လနှင့်အထက် ကလေးများအားလုံး-
  - ပြင်းထန်ပန်းနာရောဂါ
  - နာတာရှည် အဆုပ်ရောဂါ
  - အသည်း၊ ကျောက်ကပ် သို့မဟုတ် နှလုံး ရောဂါများ
  - အာရုံကြောစနစ်ဆိုင်ရာ ရောဂါများ
  - ကင်ဆာအပါအဝင် ကိုယ်ခံအား အားနည်းခြင်း
  - ဆီးချိုရောဂါ
  - ဇီဝရုပ်ဖြစ်ပျက်မှု သို့မဟုတ် သွေး မူမမှန်ရောဂါများ
  - ဒေါင်းဆင်ဒရုန်း (Trisomy 21)။

## ကျွန်ုပ်၏ကလေးများက အခမဲ့ တုပ်ကွေးကာကွယ်ဆေးကို မည်သည့်နေရာတွင် ထိုးနှံနိုင်သနည်း။

သင်၏ GP သို့ သွားပါ သို့မဟုတ် ရပ်ကွက်တွင်း ကာကွယ်ဆေးထိုးနှံရေးနေရာများ၏ တည်နေရာများအကြောင်း ပိုမိုသိရှိနိုင်ရန် HealthyWA သို့ သွားပါ။

ထို့ပြင် PCH Stan Perron Immunisation Centre, Level 1, Clinic D သို့ နံနက် 8.30 နာရီမှ ညနေ 4.00 အတွင်း သွားပါ သို့မဟုတ် 6456 3721 မှတစ်ဆင့် ကျွန်ုပ်တို့ထံ ဆက်သွယ်ပါ။

Government of **Western Australia**
**Child and Adolescent Health Service**

Consumer Approved

**ကလေးနှင့် ဆယ်ကျော်သက်အရွယ် ကျန်းမာရေးဝန်ဆောင်မှု**
15 Hospital Avenue, Nedlands, WA, 6009.
တယ်လီဖုန်း- (08) 6456 2222
စီစဉ်ထုတ်ဝေသူ- ကာကွယ်ဆေးထိုးနှံရေးဝန်ဆောင်မှု (Immunisation Service)
ရည်ညွှန်း- 1080.3 © CAHS 2024

**ဤစာရွက်စာတမ်းကို မသန်စွမ်းသူတစ်ဦးအတွက် တောင်းဆိုလျှင် အခြားဖော်မက်များဖြင့် ရရှိအောင် လုပ်ဆောင်ပေးနိုင်သည်။**

**မသက်ဆိုင်ကြောင်းငြင်းဆိုချက်-** ဤထုတ်ဝေမှုသည် အထွေထွေ အသိပညာပေးခြင်းနှင့် သတင်းအချက်အလက်ပေးခြင်း ရည်ရွယ်ချက်များအတွက် ဖြစ်သည်။ လိုအပ်သော ဆေးကုသမှုဆိုင်ရာ အကြံဉာဏ်တစ်ခုခုကို သိလိုလျှင် အရည်အချင်းပြည့်မီသည့် ကျန်းမာရေးစောင့်ရှောက်မှုပညာရှင်ထံ ဆက်သွယ်ပါ။
© အနောက်ဩစတြေးလျပြည်နယ်၊ ကလေးနှင့် ဆယ်ကျော်သက်အရွယ် ကျန်းမာရေးဝန်ဆောင်မှု။